# ထူးဒေါ့ကျေးရွာ
# မိုင်းဆတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထူးဒေါ့ကျေးရွာ၊ မိုင်းဆတ်မြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ထူးဒေါ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုင်းဆတ်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၂
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

[illegible] ခုခံအားကျဆင်းမှုရောဂါ
[illegible] ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
[illegible] ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
[illegible] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
[illegible] မြန်မာ့စီးပွားရေးဘဏ်
[illegible] မြန်မာကျပ်
[illegible]စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဩ အစိုးရမဟုတ်သောအဖွဲ့အစည်း

ကျွဗ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

ဨ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

ကွဗ မိဘဆရာအသင်း

[ တီဘီရောဂါ

ဋ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈၊၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂၊၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်

လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်၊၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထူးဒေါ့ကျေးရွာ
မိုင်းဆတ်မြို့နယ်

## ထူးဒေါ့ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းဆတ်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

## ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှု များကိုသိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSO) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ထူးဒေါ့ကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့သွား ကားလမ်းဘေးတွင် တည်ရှိသည်။စီးပွားရေးအရအချက်အခြာကျသောမိုင်းဆတ်ခရိုင်မြို့နှင့် (၈)မိုင်ကွာသာ ဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့် ဖြစ်သည်။အနောက်ဖက်တွင် မိုင်းဆတ်မြို့ရှိပြီး၊ အနောက်ဖက်တွင်မယ်လေးရွာနှင့် မယ်လေး ချောင်းရှိသည်။မြောက်ဖက်နှင့် အနောက်တောင်ဖက်တွင် တောင်ကုန်းတောင်တန်းများရှိသည်။ အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ၄၀ကျော်တွင်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူ ပြုသည်။ လယ်မြေအသင့်အတင့်ရှိပြီး ယာမြေ ကပိုများသည်။ စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏အနောက်ဖက်နှင့် အရှေ့တောင်ဖက်တွင် မယ်လေးချောင်း၊ မယ်နမ့်ခမ်း ချောင်းရှိသဖြင့် သဲ၊ ကျောက်များ အလွယ်တကူထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေဧက (၂၁၃)ခန့်ရှိပြီး မိုးစပါးနှင့် တောင်ယာစပါးနှင့် ပြောင်းများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယဇာတများ မထွက်ရှိပါ။ကျေးရွာ၏ တောင်ဖက်ရှိတောင်တန်းများသည် ကျွန်း၊မယ်ဇလီ၊ ဂေါ်၊ သစ်စိမ့်၊ သစ်ခေါက်၊ ပိတောက်၊ ယူကလစ်၊ ရာဘာ၊ဝါး၊ သက်ငယ်၊ဆေးဖက်ဝင်အပင်နှင့်ငှားစာများရရှိသည်။ စိမ့်စမ်းရေသွယ်ယူမည့်နေရာသည် ရွာနှင့် (၅)မိုင်ခန့်ကွာဝေးပြီး လွယ်လန်းတောင်တွင် တည်ရှိပါသည်။စိမ့်စမ်းရေသည် နွေရာသီတွင် ခမ်းခြောက်မှုမရှိဘဲ သောက်သုံးရေ သွယ်ယူအသုံးပြုနိုင်ပါသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော သမင်၊ ဒရယ်၊ တောဝက်၊ဝက်ဝံ၊တောင်ဆိတ်၊ ဂျီ၊ ယုန်၊ ပွေး၊ ပူး၊ ရှဥ့်၊ သင်းခွေချပ်၊ တောခွေး၊တောကြက် ၊ မြွေအမျိုးမျိုးနှင့် ဆေးဘက်ဝင်အပင်များ လည်း တွေ့ရှိရပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၈၁)စုနှင့်ကျား(၂၀၃)၊ မ(၂၀၉)ဦးဖြင့်လူဦးရေပေါင်း(၄၁၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၀၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့်

ထပ်တူကျပါသည်။ကျေးရွာတွင် လားဟူ၊ အာခါလူမျိုးများနေထိုင်ကြပြီး လူမျိုးအများစုမှာ အာခါလူမျိုးများဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၅၅.၀၉%ရှိပြီး အမျိုးသမီးနှင့် အမျိုးသားဦးရေအချိုးမှာ အနီးစပ်ဆုံးတူညီမှုရှိပါသည့်အတွက် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၄.၉% သည်ချမ်းသာသည့်အဆင့် ၊ ၄၀.၇ % သည် အလယ်အလတ် အဆင့်နှင့် ဆင်းရဲနှင့် ၅၄.၃၂% သည်ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများ ကျေးရွာတွင် မရှိကြပါ။ချမ်းသာသော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ကျန်အိမ်ထောင်စုများမှာလည်း စိုက်ပျိုး ရေး၊ မွေးမြူရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် ဆင်းရဲသားအိမ်ထောင်စုအရေအတွက်မှာ ကျေးရွာအိမ်ထောင်စု စုစုပေါင်း၏ (၅၅.၅၅%) ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအဖြစ် အဓိကဝင်ရောက် လုပ်ကိုင်ကြပြီးလက်သမား၊ပန်းရံလုပ်ငန်း၊ ဈေးဆိုင်ရောင်းလုပ်ငန်းများ၊ လုပ်ကိုင်ကြသည်။ ကျေးရွာမှ အဆင်ပြေနှင့်အလယ်အလတ်အိမ်ထောင်စုများမှာ သူတပါးထံမှ မချေးမငှါးပဲ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံကြသည်။ ဆင်းရဲအိမ်ထောင်စုများမှာ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံခြင်း မရှိသောကြောင့် ဆွေမျိုးမိတ်ဆွေ များထံမှချေးယူ၍လည်းကောင်း ဖြေရှင်းကြကြောင်း တွေ့ရ သည်။ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၅)စုရှိပြီး သစ်တောပြုန်းတီးမှု၊ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့် လယ်ယာမြေ အရင်း အမြစ်ရှားပါးမှုမှာ ထိခိုက်လွယ်မှု အသင့်အတင့် တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက်အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း လူငယ်များတွင် မူးယစ်ဆေးဝါး အန္တရာယ်သည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲ။ခဲ့ဖြစ်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် သာမန်ရောဂါများနှင့် ကြီးမားပြင်းထန်သော ရောဂါအတွက် (၈)မိုင် ကွာဝေးသော ပြည်သူ့ဆေးရုံ၊ ကုတင်(၁၀၀)စစ်တပ်ဆေးရုံတွင် ကုသကြပါ သည်။ ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ကလေးငယ်အများစုလည်း

ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာတွင် ရေတွင်း၊ ချောင်းရေ၊ စိမ့်စမ်းရေ ကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ သွေးတိုးရောဂါနှင့် ရာသီအကူးအပြောင်းတွင်အဖျားအနာများဖြစ်ပွားမှုများသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘွဲ့ရရှိပြီးသူ (၄)ဦးခန့်သာရှိပြီး အမျိုးသမီး(၃)ဦး၊ အမျိုးသား(၁)ဦးသာဖြစ်ကြပါသည်။ ယခုလက်ရှိတွင် အမျိုးသား သမီး(၁)ဦးသည် တက္ကသိုလ်တက်ရောက်နေပါသည်။ သက်ကြီးရွာသားအများစုသည်ဘာသာစကားအခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် အတန်းပညာတတ်ကျွမ်းမှု အားနည်းခဲ့ကြပါသည်။ကျေးရွာသားအများစုသည် မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အဆင့်မြင့်စက်မှုလယ်ယာများ အထွက်နှုန်းကောင်းသော မျိုးသီးနှံများနှင့် ခေတ်မီစက်မှုနည်းပညာများအား လက်လှမ်းမီမှု အားနည်းကြပါသည်။ကျေးရွာတွင် မူလတန်းပညာရေးကို ရွာတွင်းရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပါသည်။၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ၊ဆရာမ(၄)ဦးနှင့် ကျောင်းသား၊သူ (၅၇)ဦး ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးအတွက် ရွာနှင့် (၈)မိုင်ခန့်ကွာဝေးသည့် မိုင်းဆတ်မြို့သို့ ဆိုင်ကယ်များဖြင့် တက်ရောက်ကြပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်းအလွန်နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

မိသားစုအတွင်းကျား၊မတို့၏အခန်းကဏ္ဍမှာ အမျိုးသားများကသာဦးဆောင်၍ ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေးကိစ္စများတွင်လည်းအမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းခြင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြသည်။ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားနှင့်မ ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေဇယားပါကိန်းဂဏန်းများအရမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီးများကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လယ်ယာလုပ်ငန်းခွင်တွင် တစ်နေ့လုပ်အားခအဖြစ် အမျိုးသားများက (၆၀၀၀)ရရှိပြီး အမျိုးသမီးများမှာ (၅၀၀၀)သာရရှိကြပါသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးများပါဝင်မှုမရှိကြောင်း တွေ့ရပါ

သည်။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့၊ စီးပွားရေးဆိုင်ရာ (၁)ဖွဲ့နှင့် ကျေးရွာလုံခြုံရေးအဖွဲ့ (၁)ဖွဲ့တို့ရှိသည်။ ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ဖွဲ့စည်းထားသော မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ရှိပြီး ကျေးရွာသားအများစုမှာ ၎င်းအဖွဲ့တွင်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ပြောင်းကို အဓိကထား စိုက်ပျိုးကြပြီး စပါးတစ်ဧကပျှမ်းမျှအထွက်မှာ (၆၅)တင်း ထွက်ရှိကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုက်နက်တည်း စိုက်ပျိုးကြပါသည်။ စိုက်ပျိုးလုပ်ကိုင်ကြသော အိမ်ထောင်စုအများစုမှာ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး လုပ်သားငှားရမ်းမှုနည်းပါးပါသည်။ ကျွဲ၊ နွားများကို လယ်၊ယာလုပ်ငန်းခွင်တွင် စေခိုင်းရန်အတွက် မွေးမြူခြင်း မဟုတ်ဘဲ ရောင်းချစားသောက်ရန်သာ မွေးမြူကြပါသည်။ရွှေပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရာတွင် မြေဆီလွှာကို တူးဆွခြင်းမပြုဘဲ မျိုးစေ့များကို ဆူးထိုးစနစ်ဖြင့် စိုက်ပျိုးကြပြီး ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကို သုံးစွဲသော အလေ့အကျင့်များလာသောကြောင့် မြေဆီလွှာအရည်အသွေးထိခိုက်မှုရှိလာပြီး သီးနှံအထွက်နှုန်းလည်း ကျဆင်းလာပါသည်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာအနေဖြင့် လက်တွန်းထွန်စက် (၁၈)လုံးပိုင်ဆိုင်ပြီး လယ်စပါးစိုက်ပျိုးရေးတွင် အသုံးပြုကြပါသည်။ကျေးရွာတွင် နွား (၂၅၉)ကောင်၊ ကျွဲ(၁၃၄)ကောင်၊ ဝက်(၅၈)ကောင်၊ ကြက်(၂၀၀၀)ကောင်၊ ဘဲ(၃၄)ကောင်မွေးမြူထားပြီး မိသားစုဝင်ငွေအား တစ်ဖက်တစ်လှမ်းမှ အထောက်အပံ့ပြုနေပါသည်။မိုင်းဆတ်မြို့နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် အသားဈေးကွက်အား အလွယ်တကူလက်လှမ်းမီပါသည်။ဒေသကြက်ကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများကို မထိန်းချုပ်နိုင်သောကြောင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန် မဖြစ်နိုင်သေးပါ။ သောက်သုံးရေ လုံလောက်စွာရရှိပြီး စားကျက်မြေအဖြစ် အသုံးပြုနိုင်သော မြေလွတ်မြေရိုင်းများနှင့် ကုန်းမြင့်တောင်စောင်းများပေါများခြင်းကြောင့် ကျွဲမွေးမြူရေးလုပ်ငန်းမှာ တဖြည်းဖြည်းချင်း ကျယ်ပြန့်လာပြီး ကျေးရွာ၏ အဓိကလုပ်ငန်းတစ်ခုဖြစ်လာနိုင်ပါသည်။ကျေးရွာအနီးတွင် မြစ်၊အင်း၊အိုင်များမရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များသာဖြစ်ကြပါသည်။အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ စပါးရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျှမ်းမျှ (၅၀၀၀။-)ရနိုင်ကြပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။တောင်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပေါက်တူး၊ပေါက်ပြား အသုံးပြုမှု နည်းပါးလာပါသည်။ တောင်ယာခုတ်၍ တောမီးရှို့ပြီးချိန်တွင် ပြန်လည်ထွက်ရှိလာသော ပေါင်းမြက်များကို ပေါင်းသေဆေးဖြန်း၍ (၂)ပတ်အကြာတွင် စတင်မျိုးစေ့ချမြေဖုံးပြီး ပေါင်းသေဆေးဖြန်းပါသည်။ရိတ်သိမ်းချိန်မတိုင်မီအထိ ပေါင်းသတ်ဆေး(၃)ကြိမ်ခန့် အသုံးပြုသောကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကို တဖြည်းဖြည်းချင်းထိခိုက်လာသော်လည်း လူထုအနေဖြင့် သမာရိုးကျအလေ့အကျင့်အနေဖြင့် ဆက်လက်ကျင့်သုံးနေကြပါသည်။ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မြစ်ချောင်းများ မရှိသောကြောင့် ရေကြီးရေလွှမ်းခြင်းဘေးမှလည်းကင်းဝေးသည်။ မိုးဦးကျကာလတွင်လေနီကြမ်းတိုက်ခတ်မှု၊ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှ တစ်ဆင့်ကူးစက်နိုင်သည့် ဘေးအန္တရာယ်သာ တခါတရံတွင်ကြုံတွေ့ရတတ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအတွက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ရရှိခဲ့ပြီး မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာသား၊သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ထုတ်ချေးပေးပါသည်။ လက်ရှိတွင် ငွေချေးသူ ၃၇ ဦးရှိပြီး အတိုးနှုန်းတစ်လလျှင် ၁ ကျပ်တိုးဖြင့် တစ်နှစ်တာ ချေးခွင့်ပြု ထားသည်။ကျေးရွာသားများအနေဖြင့် အခြားဒေသများသို့ ငွေသွင်းငွေလွှဲပြုလုပ်နိုင်ရန် မိုင်းဆတ်မြို့ပေါ် ရှိ မြန်မာ့စီးပွားရေးဘဏ်၊ဧဘဏ်များဖြင့်ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

(စ) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာအနီးတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကိုသင်ယူနိုင်ကြသည်။ (၁)ထပ်အုတ်တိုက်ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ ကျေးရွာတွင်မီးလင်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာစနစ်အား ပံ့ပိုးပေးထားပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေကိုသုံးစွဲကြပြီး မိုးရာသီ၊ ဆောင်းရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသူအိမ်ထောင်စု(၄၀)စုရှိပြီး တွင်းအိမ်သာသုံးစွဲသူ အိမ်ထောင်စု(၂)စုရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာသုံးစွဲမှုမရှိပါ။ ကျေးရွာ၏ (၄၈.၁၄%)သည် ယင်လုံအိမ်သာသုံးစွဲမှုမရှိသောကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါများဖြစ်သည့် ဝမ်းပျက်၊ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါများ ဖြစ်ပွားမှုရှိပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ၊သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ လူငယ်များ သည် ကျေးရွာရှိလူမှုရေး၊ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး နှစ်စဉ်စက်တင်ဘာလတွင် ကျရောက်လေ့ရှိသော အာခါနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်မူ မြောင်းတူး၊လမ်းပြင်ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။ ကျေးရွာရှိ အရွယ်ရောက်သော လူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ် စိန်ခေါ်မှုမှာ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိပြီး ကင်းဝေးလိုသော စိတ်ဆန္ဒများရှိကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် မိုင်းဆတ်-မိုင်းပျဉ်းသွားလမ်း ကျောက်ချောလမ်းဘေးတွင် တည်ရှိပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ကြပါသည်။ကျေးရွာမီးလင်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာမီးလင်းရေးစနစ် ထောက်ပံ့ပေးပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနိုင်ကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။မူးယစ်ဆေးသုံးစွဲသူအချို့ကြောင့် ကျေးရွာနေအိမ်ရှိ ပစ္စည်းများမှာ ပျောက်ရှမှုရှိပါသည်။ကျေးရွာတွင် ပြည်သူ့စစ်တပ်ဖွဲ့ရှိသောကြောင့် ငြိမ်းချမ်းမှုရှိ

ပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုပြီး လိုအပ်သော သတင်း အရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ထူးဒေါ့ကျေးရွာသည် ကုန်းမြေမြင့်ဒေသတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အရ ကောင်းမွန်မှုရှိပြီး၊ တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ ထူးဒေါ့ကျေးရွာနှင့် အနီးဆုံးဈေးမှာ (၈) မိုင်ကွာဝေးသည့်မိုင်းဆတ်မြို့မဈေးဖြစ်ပြီး လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံး ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာ ဝယ်ယူရရှိနိုင်ပေသည်။ကျေးရွာတွင် လျှပ်စစ်မီးကို ဆိုလာဖြင့်သာရရှိသည်။ဆိုလာမီးလင်းရေးရရှိပြီး ကျောင်းသူ၊သားများအတွက် စာဖတ်ချိန်တွင် အသုံးဝင်ခြင်းနှင့် ဖုန်းအားသွင်းခြင်း၊ အင်တာနက်သုံးစွဲ၍ ရခြင်းကြောင့် လိုအပ်သော သတင်းအချက်အလက်များ ရရှိကာ လူနေမှု အဆင့်အတန်း မြင့်မားလာပါ သည်။လူဦးရေအားလုံး၏ ၅၅.၀၉% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် (၄)ဦးရှိပြီး ကျေးရွာရှိ အမျိုးသမီးထုအတွက် ခေါင်းဆောင်နိုင်မည့် ခေတ်မီပညာတတ် များဖြစ်ကြပါသည်။ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကို လေ့ကျင့် သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု ၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း မိုင်းဆတ်ပြည်သူ့ဆေးရုံနှင့် စစ်တပ်ကုတင်(၁၀၀)ဆေးရုံ များသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ပုံမှန်လည်ပတ်လျက်ရှိပြီး ယခုအခါ အဖွဲ့ဝင်ဦးရေ (၃၇)ဦး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ကိုင်နိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေပါသည်။ စိုက်ပျိုးရေးနည်းပညာများအတွက် မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနတွင်လည်းကောင်း၊ ကျွဲနွားတိရိစ္ဆာန်ကျန်းမာရေးအတွက် တိမွေးကုဌာနတွင် လည်းကောင်း ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်း ချနိုင်သည်။ စပါး၊ ပြောင်း တို့ကိုအဓိကစိုက်ပျိုးကြပါသည်။မိုင်းဆတ်မြို့သည် ရွှေတြိဂံမြို့ဖြစ်သော တာချီလိတ်မြို့နှင့် (၆၂)မိုင်အကွာတွင် ရှိပြီး ကုန်းလမ်းအနေဖြင့် ဆက်သွယ်သွားလာနိုင်သကဲ့သို့ မိုင်းဆတ်လေဆိပ်မှ ရန်ကုန်၊ ဟဲဟိုး မြို့များသို့ ဆက်သွယ်သွားလာနိုင်ပါသည်။ထိုင်း၊ လာအို၊

တရုတ်နယ်စပ်များနှင့် နေ့ချင်းသွားလာနိုင်ပြီး အသားဈေးကွက်ခိုင်မာသောကြောင့် ကျွဲ၊ နွား မွေးမြူရေး လုပ်ငန်းမှာ ကျေးရွာအတွက် အဓိကအားထားရာ ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် (၈)မိုင်အကွာတွင် တည်ရှိသောကြောင့် လုံခြုံရေးအရ စိုးရိမ်မှုမရှိသော်လည်း အနီးအနားမြို့နယ်များတွင် ဝ လက်နက်ကိုင်အဖွဲ့အစည်းရှိနေသောကြောင့် သတိဖြင့် သွားလာနေထိုင်ကြရပါသည်။ကျေးရွာတွင် အာခါလူမျိုး၊လားဟူအများဆုံးနေထိုင်ပြီး မိရိုးဖလာ အာခါ၊ လားဟူစကားသာ အသုံးပြုကြသောကြောင့် မြန်မာအတန်းပညာသင်ကြားရာတွင် အတိုင်းအတာတစ်ခုထိ အခက်အခဲရှိပါသည်။ဘာသာစကားတတ်ကျွမ်းမှုမှာလည်း ဗမာစကား ပြောနိုင်သူ အနည်းငယ်သာ ရှိကြပါသည်။ကျေးရွာအခြေပြု အဖွဲ့အစည်းများရှိပြီး အဖွဲ့များ ကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှု အပိုင်းတွင် အနည်းငယ်အားနည်းကြောင်းတွေ့ရှိရပါသည်။

ရွှေ့ပြောင်းတောင်ယာနစ်ကို အသုံးပြုကြသောကြောင့် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာပြီး စိမ့်စမ်းရေများလည်း ခမ်းခြောက်လာပါသည်။နွားချေး၊ ကျွဲချေးကဲ့သို့သော သဘာဝ မြေသြဇာများ အသုံးပြုမှုမရှိခြင်း၊ ဓါတုမြေသြဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံအသုံးပြုခြင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော အလေ့အကျင့်ကောင်းများအပေါ်တွင် စိတ်ဝင်စားမှု အားနည်းခြင်းတို့ကြောင့် ရေရှည်တွင် သဘာဝဆိုးကျိုးများ၏ စိန်ခေါ်မှုများ ကြုံတွေ့နိုင်ပါ သည်။တိရိစ္ဆာန်များမွေးမြူရာတွင် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြသောကြောင့် သားသမီး ပညာရေးအတွက် အခြေအနေကောင်းများ ဖန်တီး၍မရပါ။ကျေးရွာတွင် လူငယ်အများစု ရှိသော် လည်း အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ အားနည်းနေသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးနေပါသည်။ပြင်ပကျေးရွာများမှ အလွယ်တကူရရှိနိုင်သော မူးယစ် ဆေးဝါး အန္တရာယ်မှာ ကျေးရွာရှိ လူငယ်ထုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ် ရှိနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာများကို ရယူ၍ စိုက်ပျိုး မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ရေသွင်းမြောင်းအကောင်အထည်ဖော်ခြင်း၊ ကျေးရွာ တွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများ ပိုမိုလာအောင်ဖန်တီးခြင်း၊ ဈေးကွက်စီးပွားရေးစနစ် ဖော် ဆောင်ခြင်း အားဖြင့် ကျေးရွာ၏ ဝင်ငွေ ရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိ စေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာသည် စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း၊ ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း၊အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်း၊ ကျေးလက်ကျန်းမာရေး ဆေးခန်း တည်ဆောက်ခြင်း၊ ဆိုလာလျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ပညာရေးဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသား ဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကိုကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာ စေရမည်။

(၃) ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ၊ သဘာဝပတ်ဝန်းကျင်၊သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ပေးပြီး ဂီတသင်တန်းနှင့် တူရိယာပစ္စည်းများရရှိရေး၊ စာကြည့်တိုက်များ၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီး နှိမ်နင်းခြင်းနှင့် ပတ်သက်သော အစီအစဉ်များချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ အနာဂတ်၊ ထူးဒေါ့ကျေးရွာ၏ အနာဂတ်ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ချီတက်၍ လုပ်ဆောင်သွားမည်ဖြစ်သည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။

(၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင် ဆောင်ရွက်မည့်အပြင် ကျောင်းခြံစည်းရိုးကာရံခြင်းနှင့် ကျောင်းယင်လုံအိမ်သာတို့ကိုလည်း ထပ်မံတည်ဆောက်သွားမည်။ မူလွန်ကျောင်းပညာရေး အဆင့်မြှင့်တင်ရန်လည်း ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

(၅) လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးပညာပေးသင်တန်းများ၊ စာကြည့်တိုက်များ၊ ဂီတသင်တန်းနှင့် တူရိယာပစ္စည်းများ ရရှိအောင် ဆောင်ရွက်သွားပါမည်။ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်

တားဆီးရေးအတွက် ဟောပြောပွဲများ ကျင်းပသကဲ့သို့ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်းများ ဆောက်လုပ်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း**

ကျေးရွာရှိ မူလတန်းကျောင်းမှာ အုပ်ညှပ်(၁)ထပ်တိုက် ကျောင်းဆောင်ဖြစ်သော်လည်း ကျောင်းအိမ်သာ၊ ကျောင်းခြံစည်းရိုးမှာလည်း အဓိလိုအပ်လျက်ရှိပါသည်။ စံချိန်မီသော စာသင်ကျောင်းဆောင်တစ်ဆောင်ဖြစ်မြောက်ရန်နှင့် လုံခြုံအေးချမ်းသော ပညာသင်ကြားနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနဖြစ်သော မြို့နယ်ပညာရေးဌာနမှ တာဝန် ယူဆောင်ရွက်ပေးစေချင်ပါသည်။

**(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ အနည်းငယ် ကောင်းမွန် မှုမရှိဘဲ၊ ကျောက်ချောလမ်းသာ ဖြစ် နေပါသည်။ လမ်းအဆင့်မြှင့်ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီး ဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာ ချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအားလွန်စွာအထောက်အကူပြုနိုင်ပေမည်။

**(ဃ) လူငယ်နှင့် အားကစား**

လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ၊ စာကြည့်တိုက်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးပညာပေးသင်တန်းများ၊ ဂီတသင်တန်းနှင့် တူရိယာပစ္စည်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းခြင်းနှင့် ပတ်သက်သော အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးနိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးစေလိုပါသည်။

**(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ထူးဒေါ့ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်းဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်း အတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာကျပမ်းအဖြစ်လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှသက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချ ခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခုအသင့်အနေအထားတွင်ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (ကညခအသေညေ ခုချင်ခအေသေည )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်

ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (နခသညသာငခ ရှူမျှင်ငခအေငသည)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (ကညခအေငသညရှူ ရှူမျှင်ငခအေငသည)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (နခသညသာငခ ရှူမျှင်ငခအေငသည) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ၊ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာအဆောက်အအုံ** | | | | | |
| | ၁။ ဘုရားကျောင်းသွားလမ်းကွန်ကရစ်ခင်းခြင်း | ၅၄ | ၁၁ | – ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ဘုရားကျောင်းသွားလမ်းကွန်ကရစ်ခင်းခြင်း | |
| | ၂။အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေး | ၇၄ | ၅ | - ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | |
| | ၃။ဆိုလာလျှပ်စစ်မီးလင်းရေးရရှိရန် | ၈၇ | ၂ | -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| **ပညာရေး** | | | | | |
| | ၁။စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | ၅၃ | ၁၂ | -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ကျောင်းခြံစည်းရိုးကာရံခြင်း | |
| | ၂။နှစ်ခန်းတွဲစာသင်ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း | ၅၂ | ၁၃ | -နှစ်ခန်းတွဲယင်လုံအိမ်သာဆောက်လုပ်ခြင်း | |
| | ၃။မူလွန်ကျောင်းပညာရေးအဆင့်မြှင့်တင်ရန် | ၄၉ | ၁၅ | -မြို့နယ်ပညာရေးဦးစီးဌာနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | ၁။စိုက်ပျိုးမွေးမြူရေးနည်းပညာသင်တန်း | ၅၆ | ၉ | -စိုက်ပျိုးရေး၊မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | |
| | | ၂၁ | ၁၈ | | |

| | | | |
|---|---|---|---|
| ၂။ကျေးရွာပိုင်စားကျက်မြေသတ်မှတ်ဆောင်ရွက်ရန် | ၇၄ | ၄ | -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၃။ထုတ်ကုန်သီးနှံများအတွက်လက်ကားဈေးကွက်လက်လှမ်းမီရေး | ၅၀ | ၁၄ | -ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၄။နွေစပါးစိုက်ပျိုးနိုင်ရန်အတွက်ရေသွင်းမြောင်းအကောင်အထည်ဖော်ခြင်း | | | -စိုက်ပျိုးရေး၊ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |

**လူငယ်နှင့်အားကစား**

| | | | |
|---|---|---|---|
| ၁။အားကစားကွင်းနှင့်အားကစားပစ္စည်းအဆင့်မြှင့်တင်ရန် | ၅၉ | ၇ | -အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၂။ဂီတသင်တန်းနှင့်တူရိယာပစ္စည်းရရှိရန် | ၄၄ | ၁၆ | - |
| ၃။မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ | ၅၄ | ၁၀ | -ကျန်းမာရေး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၄။အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန် | ၅၈ | ၈ | -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၅။သဘာပတ်ဝန်းကျင်၊ဘေးအန္တရာယ်ကာကွယ်ရေးသင်တန်း | ၄၃ | ၁၇ | -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| ၆။ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ခြင်း | ၆၁ | ၆ | -မြို့နယ်ပြန်၊ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |

| | | | | |
|---|---|---|---|---|
| **ကျန်းမာရေး** | | | | |
| | ၁။ကျေးလက်ကျန်းမာရေးဆေးပေး ခန်းဆောက်လုပ်ခြင်း | ၉၂ | ၁ | -ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| | ၂။တစ်နှစ်ပတ်လုံးသောက်သုံးရေ ဖူလုံရန်စိမ့်စိမ်းရေသွယ်ယူခြင်း | ၈၁ | ၃ | -ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ ဘုရားကျောင်းသွားလမ်းကွန်ကရစ်ခင်းခြင်း | ၁၁ | | | | | ✓ |
| ၂။ အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုခြင်း | ၅ | | | | | ✓ |
| ၃။ဆိုလာလျှပ်စစ်မီးလင်းရေးရရှိရန် | ၂ | | ✓ | | | |
| ၄။ကျောင်းခြံစည်းရိုးကာရံခြင်း | ၁၂ | | | | | ✓ |
| ၅။နှစ်ခန်းတွဲယင်လုံအိမ်သာဆောက်လုပ်ခြင်း | ၁၃ | | | | | ✓ |
| ၆။မူလွန်ကျောင်းပညာရေးအဆင့်မြှင့်တင်ရန် | ၁၅ | | | ✓ | | |
| ၇။စိုက်မွေးနည်းပညာသင်တန်းဖွင့်လှစ်ရန် | ၉ | | | | ✓ | |
| ၈။ကျေးရွာပိုင်စားကျက်မြေသတ်မှတ်ဆောင်ရွက်ရန် | ၁၈ | | | | ✓ | |
| ၉။ထုတ်ကုန်သီးနှံများအတွက် လက်ကားဈေးကွက်လက်လှမ်းမီရေး | ၄ | | | | ✓ | |
| ၁၀။နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေသွင်းမြောင်းအကောင်အထည်ဖော်ခြင်း | ၁၄ | | | | | ✓ |
| ၁၁။အားကစားကွင်းနှင့် အားကစားပစ္စည်းအဆင့်မြှင့်တင်ရန် | ၇ | | | | | ✓ |
| ၁၂။ ဂီတသင်တန်းနှင့်တူရိယာပစ္စည်းရရှိရန် | ၁၆ | | | | | ✓ |
| ၁၃။ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ | ၁၀ | ✓ | ✓ | | ✓ | |
| ၁၄။ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန် | ၈ | | | ✓ | | |
| ၁၅။သဘာပတ်ဝန်းကျင်ဘေးအန္တရာယ် ကာကွယ်ရေးသင်တန်း | ၁၇ | | ✓ | | | ✓ |
| ၁၆။ ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ခြင်း | ၆ | | | | ✓ | |
| ၁၇။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း | ၁ | ✓ | | | | |
| ၁၈။တစ်နှစ်ပတ်လုံးသောက်သုံးရေဖူလုံရန် စိမ့်စိမ်းရေသွယ်ယူခြင်း | ၃ | | | ✓ | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(ညှိခေအောလေန)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ဘုရားကျောင်းသွားလမ်းကွန်ကရစ်ခင်းခြင်း | | | ✓ | | |
| ၂။ | အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုခြင်း | | | ✓ | | |
| ၃။ | ဆိုလာလျှပ်စစ်မီးလင်းရေးရရှိရန် | | | ✓ | | |
| ၄။ | ကျောင်းခြံစည်းရိုးကာရံခြင်း | | | ✓ | | |
| ၅။ | နှစ်ခန်းတွဲယင်လုံအိမ်သာဆောက်လုပ်ခြင်း | | | ✓ | | |
| ၆။ | မူလွန်ကျောင်းပညာရေးအဆင့်မြှင့်တင်ရန် | - | - | - | - | - |
| ၇။ | စိုက်မွေးနည်းပညာသင်တန်းဖွင့်လှစ်ရန် | | | | ✓ | |
| ၈။ | ကျေးရွာပိုင်စားကျက်မြေသတ်မှတ်ဆောင်ရွက်ရန် | - | - | - | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၉။ | ထုတ်ကုန်သီးနှံများအတွက်လက်ကား ဈေးကွက်လက်လှမ်းမီရေး | - | - | - | - | - |
| ၁၀။ | နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေသွင်းမြောင်းအကောင်အထည်ဖော်ခြင်း | | | ✓ | | |
| ၁၁။ | အားကစားကွင်းနှင့်အားကစားပစ္စည်း အဆင့်မြှင့်တင်ရန် | | | ✓ | | |
| ၁၂။ | ဂီတသင်တန်းနှင့်တူရိယာပစ္စည်းရရှိရန် | | | ✓ | | |
| ၁၃။ | မူးယစ်ဆေးဝါးအန္တရာယ်အသိပညာ ပေးဟောပြောပွဲ | | | | | ✓ |
| ၁၄။ | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရန် | | | | ✓ | |
| ၁၅။ | သဘာပတ်ဝန်းကျင်ဘေးအန္တရာယ် ကာကွယ် ရေးသင်တန်း | | | | ✓ | |
| ၁၆။ | ကျေးရွာစာကြည့်တိုက်အကောင် အထည်ဖော်ခြင်း | | | ✓ | | |
| ၁၇။ | ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း | | | ✓ | | |
| ၁၈။ | တစ်နှစ်ပတ်လုံးသောက်သုံးရေဖူလုံရန် စိမ့်စိမ်းရေသွယ်ယူခြင်း | | | ✓ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-

မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

